**ခက်ခဲသော အခြေအနေရပ်များတွင်း ကားမောင်းခြင်း**

- အပြည့်အစုံဖြည့်ထားသည့် ဆောင်းရာသီ ကားအတွက် အရေးပေါ်ကိရိယာတစ်စုံ (အောက်ပါအတိုင်း) ဆောင်ထားပါ။
- သင့် ကားဆီတိုင်ကီကို အနည်းဆုံး တစ်ဝက် ဖြည့်ထားပါ။
- မြောင်းနှင့် လေဖိအား အလုံအလောက်ပါရှိသည့် ဆောင်းရာသီသုံး ကားတိုင်ယာကောင်းကောင်း တပ်ဆင်ထားပါ။
- ရေခဲနှင့် နှင်းကို ဖယ်ရှားရန်အတွက် ကားရှေ့လေကာမှန် ရေခဲခြစ်သည့်အရာနှင့် တံမြက်စည်းအသေးတစ်ခု ဆောင်ထားပါ။ ပြတင်းပေါက်များ၊ နောက်မီးများနှင့် ရှေ့မီးကြီးများအားလုံးကို နှင်းနှင့် ရေခဲများ ရှင်းနေအောင် ထားပါ။
- သင်၏ ရေခဲခြင်းကို ကာကွယ်သည့်စက်၊ ဘက်ထရီ၊ ရှေ့လေကာမှန် ဝိုက်ဘာများနှင့် ဝိုက်ဘာရည်ကို စစ်ဆေးပါ။
- ခရီးများကို ဂရုတစိုက် စီစဉ်ပါ၊ နောက်ဆုံး အချက်အလက်များ ရရှိရန် မိုးလေဝသ ကြိုတင်ခန့်မှန်းချက်များကို စစ်ဆေးပြီး သင်ခရီးသွားနေစဉ် နောက်ဆုံးသတင်းများ ရရှိရန် ရေဒီယိုကို နားထောင်ပါ။
- သင်၏ ခရီးစဉ်နှင့် ပင်မနှင့် အစားထိုးလမ်းကြောင်းများကို အခြားသူများသိပါစေ။ သင်၏ ခရီးဆုံးသို့ရောက်ရှိရန် အချိန်ပို ပေးထားပါ။
- အရှိန်လျှော့ပါ၊ ရေခဲအမဲရောင် (black ice) ကဲ့သို့သော ဘေးအန္တရာယ်များကို အလွန်အမင်း နောက်ကျသွားချိန်အထိ မမြင်နိုင်ပါ။ တံတားများနှင့် လမ်းအပေါ်မှဖြတ်သည့်တံတားများက ကားလမ်းများထက် ပိုမြန်မြန် အေးခဲသွားနိုင်ကြောင်း သတိရပါ။
- ပို၍ နီးနီးကြားကြားရှိပါ။ နှင်းခဲများနှင့် နှင်းတံတိုင်းများက ကလေးများ သို့မဟုတ် အခြားယာဉ်များကို ကွယ်ထားနိုင်ပါသည်။
- နှင်းကော်စက်များ ၎င်းတို့အလုပ်ကို ဘေးကင်းကင်းလုပ်နိုင်အောင် နေရာကျယ်ကျယ်ပေးရန် ၎င်းတို့အတွက် အလျှော့ပေးပါ။ စိတ်ရှည်ရှည်ထားပြီး ဘေးကင်းသည့်အကွာအဝေးထား၍ နောက်မှလိုက်ပါ။
- အကယ်၍ နှင်းမုန်တိုင်း ကျချိန်အတွင်း လမ်းပေါ်မှချော်သွားပါက
  - ကယ်ဆယ်သူများ သင့်ကိုတွေ့ရှိနိုင်ခြေ ပိုများနိုင်မည့် သင်၏ယာဉ်အတွင်း၌ ဆက်နေပါ။ သင့်အင်ဂျင်ကို စက်သတ်ပြီး ဘေးကင်းကင်းဖြင့် သင်လုပ်နိုင်ပါက အိတ်ဇောပိုက်မှ နှင်း သို့မဟုတ် အခြား ပိတ်ဆို့နေသည့်အရာများ ရှင်းပေးပါ။

- ○ နွေးအောင်ထားရန် အင်ဂျင်နှင့် အပူပေးစက်ကို တစ်နာရီကြာတိုင်း 10 မိနစ်ခန့် မောင်းပေးပါ။ အင်ဂျင်မောင်းနေစဉ် လေဝင်လေထွက်ရရှိရန် ပြတင်းပေါက်ကို အနည်းငယ်ဟပေးပါ။ အိပ်ဇောပိုက်မှ နှင်းကို အခါအားလျော်စွာ ရှင်းပေးပါ။
- ○ ရေဓာတ်ဆုံးရှုံးခြင်းကို ရှောင်ကြဉ်ရန် အရည်များများ သောက်ပေးပါ။
- ○ ဘက်ထရီဓာတ်အား မဖြုန်းမီးစေရန် ဂရုစိုက်ပါ။ လျှပ်စစ်စွမ်းအင် လိုအပ်ချက်များ - မီးထွန်းခြင်း၊ အပူပေးခြင်းနှင့် ရေဒီယိုသုံးခြင်းတို့ကို ချိန်ညှိပါ။
- ○ နှင်းကျ ရပ်သွားပြီးနောက်တွင် သင် အကူအညီလိုအပ်နေကြောင်း ပြသရန် ကားစက်ဖုံးကို တင်ထားပါ။

<u>**ကားအတွက် အရေးပေါ်ကိရိယာစုံ**</u> **-**

- လက်နှိပ်ဓာတ်မီးနှင့် ဘက်ထရီအပိုများ
- အားဖြည့်ထားသည့် ဆဲလ်ဖုန်း/ကားအတွင်း (အော်တိုမိုဘိုင်း) အားသွင်းကြိုး
- အခြေခံ ရှေးဦးသူနာပြု ကိရိယာစုံ
- အိတ်ဆောင်ဓား
- စောင် သို့မဟုတ် အိပ်ရာ အိတ်များ
- အဝတ်အစားအပိုများ (မိုးရေခံအဝတ်အစား၊ ဘွတ်ဖိနပ်များ၊ လက်အိတ်ထူများ၊ ခြေအိတ်များ ထည့်သွင်းပါ)
- ကယ်လိုရီများများပါသည့် မပုပ်မသိုးနိုင်သော အစားအစာများ (သစ်သီးခြောက်များ၊ အခွံမာသီးများ၊ သံဗူးသွပ် အစားအစာ)
- ရေ့လေကာမှန် ရေခဲခြစ်သည့်ပစ္စည်းနှင့် ဘရပ်ရှ်
- မီးသတ်ဗူး
- ဂေါ်ပြား
- အခြေခံ ကိရိယာစုံ (ပလာယာ၊ ကြိုးလိမ်သည့်အရာ၊ ဝက်အူလှည့်)
- ကားဆွဲသည့် ကြိုး
- ဘက်ထရီ စတင်ရန် ကေဘယ်ကြိုးများ
- လမ်းသုံး မီးပန်းများ/ ရောင်ပြန်များ
- အလံအဖြစ် အသုံးချရန် အရောင်တောက်တောက် ပိတ်စ
- လမ်းမြေပုံများ